# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ကုန်ပစ္စည်းများ အပြန်အလှန် တင်ပို့ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုက်ရိုက်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

*စာမျက်နှာ ၆ ကော်လံ ၁* ◆

## ယနေ့ ဖတ်စရာ




**နေပြည်တော် လမ်းလျှောက်သကြၤန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ နေပြည်တော်သို့ရောက်ရှိ**
ပြည်တွင်းသတင်း | စာ ၁၄

**ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီမျိုးစေ့ အနှံ့ယူစိုက်ပျိုးလျက်ရှိ**
စီးပွားရေးသတင်းများ | စာ ၁၅

**ပြဿနာ ဖြေရှင်းတတ်မှု အနုပညာ**
ဆောင်းပါး | စာ ၁၆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

### တာဝန်ရှိသူများ တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ နေပြည်တော် Book Club အဖွဲ့ဝင်များ၊ ကျေးရွာ စာကြည့်တိုက်မှူးများ၊ နေပြည်တော်စာရေးဆရာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဗီဒီယို Clip ကို ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် "သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက်စာကြည့်တိုက်" ဗီဒီယို Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ဧပြီ ၃ ရက်က ယခုခန်းမထဲမှာပင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့များရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ကျင်းပခဲ့ကြောင်း၊ ထိုအချိန်၌ ပြည်သူများအားလုံး အသိပညာဗဟုသုတများ တိုးတက်စေရေးအတွက် စာကြည့်တိုက်များတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်သည်ကို စဉ်းစားမိခဲ့ကြောင်း၊

*စာမျက်နှာ ၄ သို့*

> **"မြန်မာဝေါဟာရ၌ စာကြည့်တိုက်ဆိုသည်မှာ ကြည့်ရှုလေ့လာရန်နှင့် ငှားရမ်းရန်စာအုပ်များ ခင်းကျင်းထားသောနေရာဟု ရေးသားထားသည်ကို မှတ်သားမိကြောင်း၊ မိမိတို့နိုင်ငံတွင် စာကြည့်တိုက်များ တည်ဆောက်ထားသည်ကို တွေ့ရှိရပြီး ပကတိအခြေအနေနှင့်ကိုက်ညီသည့် စာကြည့်တိုက်များ ဖြစ်စေရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လို"**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အလှူရှင်များက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အလှူရှင်များက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

ထို့ကြောင့် စာအုပ်စာစောင်များ ထပ်မံလှူဒါန်းနိုင်ရေး စီစဉ်ရန် တာဝန်ရှိသူများကို ညွှန်ကြားခဲ့ပြီး ယနေ့ ကျင်းပသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**စာကြည့်တိုက်များ တည်ဆောက်ထား**

မြန်မာဝေါဟာရ၌ စာကြည့်တိုက်ဆိုသည်မှာ ကြည့်ရှုလေ့လာရန်နှင့် ငှားရမ်းရန် စာအုပ်များ ခင်းကျင်းထားသောနေရာဟု ရေးသားထားသည်ကို မှတ်သားမိကြောင်း၊ မိမိတို့နိုင်ငံတွင် စာကြည့်တိုက်များ တည်ဆောက်ထားသည်ကို တွေ့ရှိရပြီး ပကတိအခြေအနေနှင့်ကိုက်ညီသည့် စာကြည့်တိုက်များ ဖြစ်စေရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ်နှင့်အထက် လူဦးရေသည် ၄၆ ဒသမ ၄၆၃ သန်းရှိသည်ဟု သိရကြောင်း၊ အဆိုပါလူဦးရေတွင် ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ အသက် ၂၅ နှစ် အထက် ၂၅ ဒသမ ၁၆၉ သန်းခန့်တွင် အတန်းလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း ၉ သိန်းကျော်ရှိကြောင်း၊ မူလတန်းနှင့် မူကြိုအဆင့်ရှိသူ ၄၉ ဒသမ ၄၇ ရာခိုင်နှုန်း ၁၂ ဒသမ ၈၃ သန်းရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူ ၂၁ ဒသမ ၇၂ ရာခိုင်နှုန်း ၅ ဒသမ ၄၆ သန်းရှိကြောင်း၊ အထက်တန်းအဆင့် ပြီးမြောက်သူ ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘွဲ့ရသူ ၁၁ ဒသမ ၄ ရာခိုင်နှုန်း ၂ ဒသမ ၆၈ သန်းရှိသည်ကို စာရင်းဇယားများအရ သိရကြောင်း၊ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်သဖြင့် နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်ကြောင်း။

**အလွယ်ကူဆုံးနည်းလမ်းပင်ဖြစ်**

အလုပ်အကိုင်နှင့် ပတ်သက်၍ လယ်ယာ သစ်တောသားငါးကဏ္ဍ၊ ဝန်ဆောင်မှုနှင့် အရောင်းအဝယ်ကဏ္ဍ၊ အခြေခံလက်မှုပညာနှင့် ဆက်စပ်လုပ်ငန်းများကဏ္ဍ စသည့်အထွေထွေအခြေခံလုပ်ငန်းများကို နိုင်ငံ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်က လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင် နေထိုင်ကြကြောင်း၊ ကျေးလက်နေ ပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သစ်ဝါးနှင့် ပတ်သက်သည့်လုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ စီးပွားရေးနှင့် အသိပညာဗဟုသုတကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ပညာရေးအတွက် အထောက်အကူပြုစေမည့် စာကြည့်တိုက်များ တည်ဆောက်ပေးခြင်းသည် အလွယ်ကူဆုံးနည်းလမ်းပင် ဖြစ်ကြောင်း။

**ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထား**

မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀၊ မြို့ပေါင်း ၄၇၁ မြို့ရှိသဖြင့် စုစုပေါင်း ၈၀၁ မြို့ရှိကြောင်း၊ ရပ်ကွက်ပေါင်း ၃၄၈၅ ခု၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၁၀ ရှိကြောင်း၊ ထိုအထဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းထောက်ပံ့မှုနှင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိသည်ဟု သိရကြောင်း၊ နိုင်ငံတွင်း၌ စာကြည့်တိုက်ပေါင်းများစွာဖွင့်လှစ်ပေးရန် လိုအပ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်အင်္ဂါရပ်များနှင့်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ပြည့်စုံအောင် အဆောက်အဦများနှင့် လိုအပ်သည့် အသုံးအဆောင်များ၊ စာအုပ်များကို ဖြည့်ဆည်းပေးသွားရန် လိုအပ်ကြောင်း။

**စာကြည့်တိုက်လုပ်ငန်းများကို အားပေး**

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ပြီး ကျေးလက်တွင် အဓိကဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေသူများကို အသိပညာများပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင်လည်း စာကြည့်တိုက်များရှိ စာအုပ်များသည် ဒေသရှိပညာရေးကိုကြည့်၍ အများနားလည်နိုင်သည့် စာအုပ်များဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းနယ်ပယ်များအလိုက် အသိပညာများရရှိနိုင်သည့် စာအုပ်များကို ထားရှိပေးနိုင်ရန်လိုကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည်များ၊ ရေရရှိရေးနှင့် ရေသုံးစွဲမှုနည်းလမ်းများစသည့် ပညာရပ်များကို သိရှိနားလည်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး**

စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုကြောင်း၊ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်း လိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း၊ ထိုသို့အသိပညာ ဗဟုသုတများ ကြွယ်ဝလာခြင်းဖြင့် ဘဝအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ ဖတ်ရှုသိရှိထားသည့် အသိပညာဗဟုသုတများကို လူအများသိရှိစေရေးအတွက် ပြန်လည်ဟောပြောပေးခြင်း၊ ဆွေးနွေးပေးခြင်းများ ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် အသိပညာနှီးနှောဖလှယ်ဆွေးနွေးလှုပ်ရှားမှုများကို အပတ်စဉ်အလိုက်၊ လစဉ်အလိုက် ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာစကားပုံတွင် "ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်" ဟူ၍ရှိကြောင်း၊ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို မိမိတို့မြင်တွေ့နေကြရပြီး ၎င်းတို့၏ လူနေမှုပုံစံ ပြောင်းလဲတိုးတက်လာစေရေးနှင့် အနာဂတ်တွင် အသိပညာကြွယ်ဝသည့်လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင်လည်း ခေတ္တခဏသာ ဆောင်ရွက်ခြင်းထက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး"**နှင့် **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဟူသည့် နိုင်ငံရေးမျှော်မှန်းချက်နှစ်ခုနှင့် **"တိုင်းပြည်သာယာဝပြောရေး"** နှင့် **"စားရေရိက္ခာဖူလုံရေး"** ဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ပြီး ယင်းရည်မှန်းချက်များ အောင်မြင်စေရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အသိပညာအတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်ရေးနှင့် ပတ်သက်၍အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူပြည်သားများ အသိပညာအတတ်ပညာများ ရရှိစေရေးအတွက် ငွေကုန်ကြေးကျအနည်းဆုံးဖြင့် ပညာရရှိစေရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ စာအုပ်စာပေများကို သက်သာသည့် ဈေးနှုန်းများဖြင့် ဝယ်ယူဖတ်ရှုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျေးလက်များကို အကျိုးပြုသည့် စာအုပ်များကိုလည်း ထုတ်ဝေသွားကြရန် တိုက်တွန်းလိုကြောင်း။

**အွန်လိုင်းစာမျက်နှာများ၌ နေ့စဉ်ဖြန့်ဝေပေး**

နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေဖြန့်ချိလျက်ရှိသော်လည်း နိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့ရောက်ရှိမှုအားနည်းမှုနှင့် ဖတ်ရှုသူနည်းပါးမှုတို့ကို တွေ့ရှိရကြောင်း၊ သတင်းစာဟူသည်မှာ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် သတင်းအချက်အလက်များကို အမြန်ဆုံးသိရှိစေရေး ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်သဖြင့် နယ်မြို့၊ ကျေးရွာများသို့ အမြန်ဆုံးရောက်ရှိနိုင်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်၌ သတင်းစာများကို အမြန်ဆုံးဖတ်ရှုနိုင်ရေးအတွက် အွန်လိုင်းစာမျက်နှာများ၌လည်း နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း၊ သတင်းစာများ၌ ပါရှိသည့် သတင်းအချက်အလက်များ၊ ဆောင်းပါးများသည်လည်း ပြည်သူလူထုတို့ကို အမှန်တကယ်အကျိုးပြုနိုင်ရန်လိုပြီး နားလည်သဘောပေါက်လွယ်ကူစေမည့် အသုံးအနှုန်းများ၊ အရေးအသားများကို သုံးနှုန်းကြရန်လိုကြောင်း။

**တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်**

ယနေ့အခမ်းအနားတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များနှင့် အလှူငွေများ လှူဒါန်းမှုသည် တန်ဖိုးကြီးမားသည့် လှူဒါန်းမှု၊ မွန်မြတ်သည့် အသိပညာစာပေအလှူဖြစ်သည့်အတွက် အလှူရှင်များအားလုံးကို မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ စာအုပ်စာပေဟူသည် မည်မျှပင်ဟောင်းနေသည်ဖြစ်စေ မဖတ်ရသေးသူများအတွက် အသစ်ပင်ဖြစ်ပြီး အသိပညာအသစ်များကို ရရှိသွားစေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့် စာပေအသိပညာလှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံအဝန်း၌ မကြာခဏ ဆောင်ရွက်ပေးမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိစေမည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်း၊ မိမိတို့၏ နိုင်ငံသားများအားလုံး အသိပညာအတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် စေတနာရှင်ပြည်သူများက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို က မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အမျိုးသားစာကြည့်တိုက်ရှိ e–Library and Reading Room တို့ကို လှည့်လည်ကြည့်ရှုသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်းတပ်ဖွဲ့ဌာနချုပ်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပြင်ပအလှူရှင်များ၏ လှူဒါန်းမှုအနေဖြင့် အလှူငွေကျပ် ၅၆၀၀၈၇၅၀၀ နှင့် သုတရသစာအုပ်စာစောင် ၄၈၃၅၇ အုပ်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြုလုပ်သည့် အခမ်းအနားများ၌ လှူဒါန်းမှုအနေဖြင့် ငွေကျပ် ၄၂၅၀၇၇၉၅၀ နှင့် သုတရသစာအုပ်စာစောင် ၃၀၈၅၄ အုပ်ဖြစ်ကြောင်းနှင့် စုစုပေါင်းလှူဒါန်းမှုအနေဖြင့် ငွေကျပ် ၉၈၅၁၆၅၄၅၀ နှင့် သုတရသစာအုပ်စာစောင် ၇၉၂၁၁ အုပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားစာကြည့်တိုက်ရှိ e–Library and Reading Room အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

◆ *ရွှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်တို့ တက်ရောက်ကြပြီး ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့ရေးဆိုင်ရာကိစ္စရပ်များနှင့် တိုက်ရိုက်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် ပတ်သက်၍ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်လေကြောင်းပျံသန်းရေးဆိုင်ရာကိစ္စရပ်များ၊ ရေနံထွက်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် တွင်းထွက်သယံဇာတပစ္စည်းများအား အဆင့်မီကုန်ချောများအဖြစ် ထုတ်လုပ်နိုင်သည့် အခြေအနေများ၊ အထည်အလိပ်လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစား စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

ပဲခူး မေ ၁၀

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ မေ ၁၀ ရက် နံနက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ "စာပဒေသာ ဝေဆာစေမည်" Video Clip အား ပြသသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာပေဆိုသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်ပြီး ယနေ့ခေတ်လူငယ်များမသိနိုင်သေးသည့်အကြောင်းအရာများစွာ ပါဝင်လျက်ရှိကာ စာအုပ်၏ တန်ဖိုးကို ဖော်ပြ၍ ရသော်လည်း စာဖတ်သူတို့ ရရှိမည့်အသိက တန်ဖိုးဖြတ်၍ မရကြောင်း၊ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေဖို့အတွက် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်ပြီး အသိပညာမြင့်မားနိုင်ရေး စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက် ယဉ်ကျေးမှုများ ထွန်းကားလာရေးကို အလေးထားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကျောင်းစာကြည့်တိုက်များ၊ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များ တိုးပွားရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်သန်ရေးအတွက် နိုင်ငံတော်၏ အား၊ စေတနာရှင် အလှူရှင်များ၏ အား၊ စာကြည့်တိုက်ကော်မတီတို့၏ အား လိုအပ်ပြီး စာပေချစ်သူများက စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အလှူငွေနှင့် စာအုပ်စာစောင်များကို စည်ပင်သာယာရေးအဖွဲ့နှင့် စေတနာရှင်ပြည်သူများကလည်းကောင်း၊ ခရိုင်စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့နှင့် လုပ်ငန်းရှင်များကလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကကလည်းကောင်း၊ တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌကလည်းကောင်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများကလည်းကောင်း၊ ဘုရားဂေါပက အဖွဲ့များကလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး အလှူငွေကျပ် ၄၁၃ သိန်းကျော်နှင့် တန်ဖိုးငွေကျပ်သိန်း ၈၀ ကျော် တန်ဖိုးရှိ သုတ၊ရသ စာအုပ်စာစောင် ၃၀၀၀ စုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေကျပ် ၄၉၄ သိန်းကျော် ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ (၂/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၀**

အမျိုးသားပို့ကုန် မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ-၂ ၌ ကျင်းပရာ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌက အမျိုးသားပို့ကုန် မဟာဗျူဟာ ဒုတိယအဆင့်ဖြစ်သော ၂၀၂၀-၂၀၂၅ ကာလအတွက် ကဏ္ဍ (၁၈) ခုကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အစိုးရ-ပုဂ္ဂလိက ပို့ကုန် မြှင့်တင်ရေးကော်မတီက ဆက်လက် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် ဖွဲ့စည်းထားသည့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ ကျစ်လျစ်စွာပြန်လည်ဖွဲ့စည်းရေး၊ ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်များအနက် လက်တွေ့လျင်မြန်စွာ အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းစဉ်များ (Quick Win) ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့ကို ဦးစွာဆောင်ရွက်ထားရှိပြီး အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်မည့်လုပ်ငန်းများက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကို အချိန်တိုအတွင်း အထောက်အကူ ပြုနိုင်မည့် လုပ်ငန်းများဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ အထောက်အကူပြုကဏ္ဍများ၏ ပံ့ပိုးပေးနိုင်မှုများကလည်း ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးအတွက် လွန်စွာအရေးပါသည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် ဟန်ချက်ညီစွာ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကော်မတီ တွဲဖက်အတွင်းရေးမှူး-၁ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက် ကော်မတီများ ပြန်လည် ဖွဲ့စည်းမှုပိုင်းနှင့် လုပ်ငန်းစီမံချက်များ ပြင်ဆင်ရေးဆွဲမှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကဏ္ဍအလိုက် ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကော်မတီများ ပြန်လည်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းစီမံချက်များ ပြင်ဆင်ရေးဆွဲဆောင်ရွက်ထားမှုများ၊ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ ရွေးချယ်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ အဖွဲ့ဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ပို့ကုန်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်ပစ္စည်းများကို စဉ်ဆက်မပြတ်စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အလေးထားကြပ်မတ်ဆောင်ရွက်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများမရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ကြပ်မတ်ဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့အနေဖြင့် တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် အထူးအလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများကို စဉ်ဆက်မပြတ် စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အလေးထားကြပ်မတ်ဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်မှုမရှိစေရေး၊ တာဝန်ကျဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်လုပ်ငန်းများကို တားဆီးကာကွယ်ဆောင်ရွက်နေသည့်အပြင် တရားဝင်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်ရေး လုပ်ငန်းများမရှိစေရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ရှစ်မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်ဖြစ်သည့် တပ်ကုန်းမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားသမားနှင့် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းနှင့် တတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ချီးမြှင့်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ကျောက်မျက်ရေပေးဝေရေးဝင်းအတွင်း ရေသန့်စင်နေမှုနှင့် ရေပေးဝေနေမှု၊ ဇမ္ဗူသီရိမြို့နယ် ရေဝတီလမ်းဘေးရှိ ဗေဒ့ေမောင်ဆည်အတွင်း ရေဝင်ရောက်မှုနှင့် ရေသုံးစွဲမှု၊ ဆည်ပတ်လမ်း ဆောင်ရွက်ထားရှိမှုများ၊ ပျဉ်းမနားမြို့နယ် အမှတ်(၈၅)တံတားနှင့် သံလမ်းတံတားငလိုက်ချောင်းတစ်လျှောက်တို့တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဖန်းမောက်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲပြုလုပ်

**ကသာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များအား အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ဖန်းမောက်မြို့မရပ်ကွက် မြို့မ (အ.လ.က) စာသင်ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ဖန်းမောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမွန်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ရင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝင်းတို့က ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ဆဲဖြစ်သဖြင့် မီဒီယာအချို့၏ လူမှုကွန်ရက်စာမျက်နှာများမှ မဟုတ်မမှန်သတင်းမှားများကို မယုံကြည်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မေသူ(ဖန်းမောက်)**

# ဝန်ကြီးရုံးသည် ဝန်ကြီးဌာနပုံရိပ်ကောင်းမွန်အောင် ရှေ့မှဦးဆောင်တာဝန်ထမ်းဆောင်နေရသည့်အတွက် ဝန်ကြီးရုံးဝန်ထမ်းများသည် အရည်အသွေးထူးချွန်ထက်မြက်ပြီး အမှားအယွင်းမရှိ၊ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းနေရမည်

## လုပ်ငန်းများဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းများ စနစ်ကျစေရန်၊ လုံခြုံမှုရှိစေရန် အမြဲဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်





နေပြည်တော် ဧပြီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆုရရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ "ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရမည့် ဝန်ကြီးရုံးရဲ့ စွမ်းဆောင်ရည်" မှတ်တမ်းဗီဒီယိုကို ပြသသည်။

**ချိတ်ဆက်ဆောင်ရွက်ရ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ မူလတာဝန်များအပြင် ရုပ်ရှင်၊ ဂီတ၊ စာပေနှင့် သက်ဆိုင်သည့်ကဏ္ဍများ တိုးတက်ရေး အပါအဝင် နိုင်ငံတော်နှင့် သက်ဆိုင်သည့် ကဏ္ဍတိုင်းတွင် တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဝန်ကြီးရုံးသည် ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဟူသည့် ဌာနကြီး ၅ ခုကို ထိန်းညှိကွပ်ကဲပြီး အထက်ဌာနနှင့် ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ရပါကြောင်း၊ ဝန်ကြီးရုံးသည် ဝန်ကြီးဌာန ပုံရိပ်ကောင်းမွန်အောင် ရှေ့မှဦးဆောင်တာဝန် ထမ်းဆောင်နေရသည့်အတွက် ဝန်ကြီးရုံးဝန်ထမ်းများသည် အရည်အသွေး ထူးချွန်ထက်မြက်ပြီး အမှားအယွင်းမရှိ၊ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းနေရမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန လုပ်ငန်းများကို မှန်မှန်ကန်ကန် အောင်အောင်မြင်မြင်ဖြစ်စေရန်အတွက် Check, Recheck, Counter Check ဖြင့် စိစစ်ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းများ စနစ်ကျစေရန်၊ လုံခြုံမှုရှိစေရန် အမြဲဂရုပြုဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်မီဒီယာဖြစ်သည့်အားလျော်စွာ မီဒီယာကဏ္ဍအတွက် အားမာန်အပြည့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်မီဒီယာအနေဖြင့် ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များတွင် တချို့သူများ၏ အစွန်းရောက် တွေးခေါ်လုပ်ဆောင်နေမှုများကို ပြည်သူများ အမှန်အတိုင်း နားလည်သိရှိစေရေး၊ ပြည်သူများ စိတ်ဓာတ်ပြိုကွဲစေရန် ရည်ရွယ်သည့် သတင်းတု၊ သတင်းမှားများကို တုံ့ပြန်ဆောင်ရွက်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အတွက် ပို၍ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ယုံကြည်မှုရှိရှိဖြင့် ရှေ့ဆက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မိမိတို့ သိရှိသည်များကို မိမိတို့မိသားစု၊ ပတ်ဝန်းကျင်တွင် အသိပညာများ မျှဝေပေးကြရန်နှင့် ကောလာဟလများနှင့် သတင်းတု၊ သတင်းမှားများကြောင့် စိုးရိမ်ပူပန်မှုမရှိစေရေး ဆွေးနွေးအသိပေးကြရန် ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက် အနည်းဆုံးဖြစ်စေရန် ဆက်လက် ကြိုးပမ်းကြစေလိုပါကြောင်း၊ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရင်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ပါက ပိုမိုတိုးတက်သည့် ဌာနတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဝန်ကြီးရုံးသည် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများကို စုစည်းဆောင်ရွက်ပေးရသည့် ဌာနတစ်ခုဖြစ်သည့်အတွက် လုပ်ဆောင်ရသည့် လုပ်ငန်းများ များပြားပါကြောင်း၊ များပြားလှသည့် တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စံပြဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးခင်မောင်ထူးနှင့် ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီခိုင်တို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဌာနခွဲများအလိုက် ထူးချွန်ဆုရရှိကြသည့် အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်စုသန္တာ၊ မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မြတ်မွန်၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဦးရန်နိုင်ထွန်း၊ ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးဝေလင်းအောင်၊ ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်း ပြန်ကြားရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်သန်းမြင့်နှင့် e-Government ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်အေးမြတ်မြတ်မိုးတို့ကို ဆုများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက Basic Networking Course သင်တန်းတွင် ဒုတိယဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးခင်မောင်ထူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၆၇)(သေနတ်ပစ် ထူးချွန်ဆု) ရရှိသည့် ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့သင်းနှင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကကြီးမှူး ကျင်းပသော မှတ်မိစွဲထင်တရုတ်ခရီးစဉ် ဆောင်းပါး ဓာတ်ပုံပြိုင်ပွဲနှင့် ဗီဒီယိုအတိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ချစ်ကြည်ဖြူတို့ကို ဆုများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများကို ငွေသား ကံစမ်းမဲများ ဖောက်ပေးပြီး ထူးချွန်ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စံပြဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးရဲတင့် ဌာနခွဲများအလိုက် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ အရာထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၆၇) (သေနတ်ပစ် ထူးချွန်ဆု) ရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေးနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးခြင်းအခမ်းအနား တက်ရောက်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၀**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အေဂျင်စီဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) တွင် MSME လုပ်ငန်းရှင်များအား ချေးငွေများ အမြန်ဆုံးထုတ်ချေးပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ထို့ကြောင့် ချေးငွေများ ထုတ်ချေးရာတွင် အကျိုးရှိထိရောက်စေလိုကြောင်း၊ ချေးငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ အနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်အောင် အဓိက ဆောင်ရွက်လျက်ရှိ၍ လုပ်ငန်းရှင်များ လုပ်သာ ကိုင်သာရှိသည့် လုပ်ထုံးလုပ်နည်းများ ဖြစ်ရန်လည်း အရေးကြီးကြောင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများကို မတည်ထားသဖြင့် ချေးငွေများ မပျောက်ပျက်ဘဲ လည်ပတ်စီးဆင်းနေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် ချေးငွေထုတ်ချေးပေးရေးနှင့်ပတ်သက်၍ အဖြေတစ်ခုရရှိအောင် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ အေဂျင်စီရုံးခွဲများမှတစ်ဆင့် MSME ချေးငွေများကို လျှောက်ထားမှု၊ စိစစ်နေမှုနှင့်စိစစ်ပြီး လျှောက်လွှာများအား ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သို့ ပေးပို့ထားမှု၊ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ အကြံပြုချက်များကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME ချေးငွေများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းရှင်များ သိရှိအောင် ထုတ်ပြန်ထားရှိမှု၊ လုပ်ငန်းရှင်များ လွယ်ကူအဆင်ပြေချောမောစွာ ချေးယူနိုင်ရေးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်သည့်အချက်များ၊ မတည်ရန်ပုံငွေအား တိုးပွား၍ လည်ပတ်အသုံးပြုနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်များက MSME ချေးငွေများ ထုတ်ချေးပေးရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍လည်းကောင်း ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးရပြီးကတည်းက ဆန္ဒအလျောက် စစ်မှုထမ်းဆောင်သည့်စနစ် (Voluntary Enlistment) ကိုသာ ကျင့်သုံးခဲ့ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီတွင် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအမြင်နှင့် အတတ်ပညာများသည် ပြည်သူများအားလုံး သိသင့်သိထိုက်ပြီး တတ်မြောက်ရမည့် ပညာရပ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှတို့ ပေါင်းကူးပေးသည့် ပထဝီနိုင်ငံရေးအရ အချက်အချာကျသောနေရာ၊ အင်အားကြီးနိုင်ငံများ၏ အကြားတွင် တည်ရှိနေသည့်အတွက် နိုင်ငံတော် ကာကွယ်ရေးအသိပညာနှင့် အတတ်ပညာများအား နိုင်ငံသားတိုင်း သိသင့်တတ်သင့်ကြောင်း၊ ယခု ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံသားအားလုံး မဖြစ်မနေတာဝန်ထမ်းဆောင် ရမည့်ပုံစံမဟုတ်ဘဲ လိုအပ်သလောက် အကန့်အသတ်ဖြင့်သာ တာဝန်ထမ်းဆောင်ရမည့် ပုံစံဖြစ်ကြောင်း။

မိမိတို့စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ယာယီရွှေ့ဆိုင်းခွင့်များအပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပူးပေါင်းပါဝင်လိုက်နာ ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်၊ ၎င်းတို့၏ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေသည် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးသည့် နိုင်ငံများအတွက် အလွန်အရေးပါသည့် ဥပဒေဖြစ်ကြောင်းများကို လည်းကောင်း ဆွေးနွေးပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ နံနက်ပိုင်းတွင် ဥရောပ အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၁ ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ အဓိကပို့ကုန်များဖြစ်သည့် ချုပ်ပြီးအထည်များ၊ ဖိနပ်၊ အိတ် အစရှိသည့် CMP ထုတ်ကုန်များအပြင် စိုက်ပျိုးရေးထွက်ကုန်များအား ဥရောပအာရှနိုင်ငံများသို့ တိုးမြှင့်တင်ပို့သွားနိုင်ရေး၊ အပြန်အလှန်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုအလားအလာများကို ဖော်ထုတ်ပြီး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်းစီစဉ်၍ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများဖြစ်သော ဆူးလေဆိပ်ကမ်း၊ ယခင်ဗိုလ်အောင်ကျော် ဆိပ်ကမ်း (The Myanmar Terminal – TMT)၊ မြန်မာစက်မှုဆိပ်ကမ်း-၂ (MIP2)၊ မင်းထက်မင်း (MHM) ဆိပ်ကမ်းနှင့် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း-၃ (AIPT3) တို့မှ သင်္ဘော ငါးစင်းဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၇၄၅၀၀ ကို တင်ပို့ခဲ့သည်။

အလားတူ အေးရှားဝေါလ်ဆိပ်ကမ်းမှ ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီး အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို တင်ပို့သွားမည်ဖြစ်သည်။

ထို့ပြင် မေ ၁၃ ရက်က မင်းထက်မင်းဆိပ်ကမ်း (MHM) မှ သင်္ဘောနှစ်စင်းဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၅၄၀၀၀ နှင့် မေ ၁၅ ရက်တွင်လည်း Yangon International Gateway Terminal – YIGT ဆိပ်ကမ်းမှ ပြောင်းဖူးစေ့ တန်ချိန် ၁၄၅၀၀ တို့ကို ဆက်လက် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပ

နေပြည်တော် မေ ၁၀

**မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားများကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်သည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက အမှာစကား ပြောကြားပြီး အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေနှင့် စာအုပ်စာစောင်များကို လက်ခံကြသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၆၅ သိန်းနှင့် စာအုပ်စာစောင် ၂၀၀၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၀၀၅၅၀၀၀ နှင့် စာအုပ်စာစောင် ၂၁၄၈ အုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အလှူရှင်များက ငွေကျပ် ၁၂၇၈၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၈၁၂၆၁၀၀ နှင့် စာအုပ်စာစောင် ၂၂၃၀၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၂၂၈၁၀၀၀၀ နှင့် စာအုပ်စာစောင် ၆၄၇ အုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၄၂၃ သိန်းနှင့် စာအုပ်စာစောင် ၃၀၀၀၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ က ငွေကျပ် ၃၂၃၉၀၀၀၀ နှင့် စာအုပ်စာစောင် ၃၅၆ အုပ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၂၀၈၁၀၀၀၀ နှင့် စာအုပ်စာစောင် ၄၀၀၈ အုပ်၊ မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ်သိန်း ၃၀၀ နှင့် စာအုပ်စာစောင် ၅၀၀၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၁၉ သိန်းနှင့် စာအုပ်စာစောင် ၂၉၇ အုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၈၂၇၄၀၀၀၀ နှင့် စာအုပ်စာစောင် ၄၈၂၀၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်အလှူရှင်များက ငွေကျပ် ၄၂၄၁၁၅၈၀ နှင့် စာအုပ်စာစောင် ၂၀၃၅ အုပ်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၉၁၆၅၀၀၀ နှင့် စာအုပ်စာစောင် ၁၀၆၁၃ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် အလှူရှင်များ၏ စာအုပ်စာစောင်လှူဒါန်းမှုကို လက်ခံယူစဉ်။

ပြည်နယ်(ပြန်/ဆက်)



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် အလှူရှင်များ၏ စာအုပ်စာစောင်လှူဒါန်းမှုကို လက်ခံယူစဉ်။

ပြည်နယ်(ပြန်/ဆက်)



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ပြည်နယ်(ပြန်/ဆက်)



ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးအား အလှူငွေပေးအပ်လှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အလှူရှင်များ၏ စာအုပ်စာစောင်လှူဒါန်းမှုကို လက်ခံယူစဉ်။

ပြည်နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အလှူရှင်များ၏ အလှူငွေလှူဒါန်းမှုကို လက်ခံယူစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အလှူရှင်များ၏ စာအုပ်စာစောင်လှူဒါန်းမှုကို လက်ခံယူစဉ်။

ပြည်နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အလှူရှင်များ၏ အလှူငွေလှူဒါန်းမှုကို လက်ခံယူစဉ်။

ပြည်နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အလှူရှင်များ၏ အလှူငွေလှူဒါန်းမှုကို လက်ခံယူစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

# မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ကျင်းပ



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အလှူရှင်များ၏ စာအုပ်စာစောင်လှူဒါန်းမှုကို လက်ခံယူစဉ်။

တိုင်းဒေသကြီး (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် အလှူရှင်များ၏ စာအုပ်စာစောင်လှူဒါန်းမှုကို လက်ခံယူစဉ်။

တိုင်းဒေသကြီး (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် အလှူရှင်များ၏ အလှူငွေလှူဒါန်းမှုကို လက်ခံယူစဉ်။

တိုင်းဒေသကြီး (ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း အလှူရှင်များ၏ စာအုပ်စာစောင်လှူဒါန်းမှုကို လက်ခံယူစဉ်။

တိုင်းဒေသကြီး (ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို အလှူရှင်များ၏ အလှူငွေလှူဒါန်းမှုကို လက်ခံယူစဉ်။

တိုင်းဒေသကြီး (ပြန်/ဆက်)



## ဥပုသ်ဆောက်တည်နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အာဟာရဖြည့်စွက်စာများ သွားရောက်လှူဒါန်း

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယမန်နေ့ ညပိုင်းက ရမ်ဇန်လမြတ်ကာလတွင် ဥပုသ်ဆောက်တည်နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများကို သွားရောက်လှူဒါန်းကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များရှိရာ မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမဘေး သမိုင်းလမ်းဆုံရှိ ဂျာမေဗလီသို့ ရောက်ရှိရာ ဗလီဂေါပကအဖွဲ့ဥက္ကဋ္ဌ ဟာရ်ဂျီဆလင်းဘိုင်(ခ) ဦးသန်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဥပုသ်ဆောက်တည်နေသော အစ္စလာမ်ဘာသာဝင်ဥပုသ်သည်များ၏ ဥပုသ်ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသော အာဟာရဖြည့်စွက်စာအဖြစ် သစ်သီးမျိုးစုံနှင့် Sunkist ဘူးများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဥပုသ်ဆောက်တည်ပြီး ဥပုသ်ဖြေနေသော အစ္စလာမ်ဘာသာဝင်ဥပုသ်သည် ၃၀၀ အား တစ်ဦးချင်း လိုက်လံပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဥပုသ်သည်များအတွက် တစ်နေ့တာ ဖြည့်စွက်စာအဖြစ် အလှူငွေများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပေးအပ်လှူဒါန်းရာ ဗလီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာအကျိုးကိုဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ကြီး အေးချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ပေးနေမှုအခြေအနေများ ကြည့်ရှုအားပေး

**လယ်ဝေး မေ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများ အခြေခံ စာတတ်မြောက်ရေးအတွက် မေ ၆ ရက်မှ စတင်၍ စာသင်ဝိုင်းများဖြင့် သင်ကြားပို့ချလျက်ရှိသည်။




အဆိုပါ စာသင်ဝိုင်းများဖြင့် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး သင်ကြားပို့ချနေမှုကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်းရှိ အမှတ်(၁)ရပ်ကွက်၊ အမက (အင်တိုင်းသာ) ကျောင်း၊ အမှတ် (၅) ရပ်ကွက်၊ စည်းလုံးညီညွတ်မှု ဓမ္မာရုံ (အပေါ်ပုံ) နှင့် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု၊ မဲဒီးကျေးရွာ SMU ခန်းမ စသည့် နေရာများသို့ သွားရောက်၍ စာသင်ကြားပို့ချနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများကို မေ ၆ ရက်မှစ၍ မေ ၁၅ ရက်အထိ မြို့နယ်ရှစ်မြို့နယ်အတွင်း စာသင်သား ၁၉၅၈ ဦးကို စာသင်ဝိုင်းပေါင်း ၁၃၆ ဝိုင်းစုဖွဲ့၍ စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ် ပေါင်း ၁၇၉ ဦးတို့က တစ်ရက် ပျမ်းမျှသုံးနာရီ၊ နာရီအားဖြင့် ၁၂၀၊ ရက်အားဖြင့် ၄၀ ကြာ စာတတ်မြောက်ရေး သင်ကြားခြင်းနှင့်အတူ လူမှုဘဝ မြင့်မားရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေကြည် (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ၏ဇနီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၁၀**

ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစား စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ၏ဇနီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏှာတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာမော်ကွန်းတိုက်၌ မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများကို ရုရှားဘာသာဖြင့် ဗီဒီယိုမှတ်တမ်းကို ပြသသည်။



ထို့နောက် H.E. Mr. Sergei GLAZEV ၏ ဇနီးနှင့် တာဝန်ရှိသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

**သတင်းစဉ်**

# China Foundation for Peace and Development (CFPD)နှင့် မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းတို့မှ ဆောင်ရွက်သည့် "Silk Road People to People Connectivity Care for the Future" လှူဒါန်းမှုအစီအစဉ်အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၀**

China Foundation for Peace and Development (CFPD) နှင့် မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းတို့မှ ဆောင်ရွက်သည့် "Silk Road People to People Connectivity Care for the Future" လှူဒါန်းမှုအစီအစဉ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ် (၁၄)အခြေခံပညာအထက်တန်းကျောင်းရှိ ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ တရုတ်–မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ China Foundation for Peace and Development(CFPD) အဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည်။



ဦးစွာ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက China Foundation for Peace and Development (CFPD) အဖွဲ့သည် တရုတ် – မြန်မာချစ်ကြည်ရေး ယဉ်ကျေးမှုနှင့် ပညာရေးဖလှယ်ရေးလှုပ်ရှားမှုများ စီမံကိန်းအတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူ ၂၀၀၀ ကို တရုတ်ယဉ်ကျေးမှုထုတ်ကုန် အခု၅၀၀၊ စာအုပ်တွဲ ၁၀၀ နှင့် ပေါက်ဖော်လစဉ် စာအုပ်အတွဲ ၃၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅ သိန်း လှူဒါန်းခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ ကျောင်းများအတွက် အားကစားပစ္စည်းများနှင့် စာရေးကိရိယာပစ္စည်းများ လှူဒါန်းပေးသည့်အတွက် အခြေခံပညာဦးစီးဌာနကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ လှူဒါန်းသည့်ပစ္စည်းများသည် ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအတွက် ဖွံ့ဖြိုးရေးဗလငါးတန်ဖြစ်သည့် ကာယဗလနှင့် လွန်စွာကိုက်ညီပါကြောင်း၊ ကျောင်းသားလူငယ်များ တန်ဖိုးရှိစွာ သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် China Foundation for Peace and Development (CFPD) မြန်မာနိုင်ငံရုံး ကိုယ်စားလှယ် Mr.Wang Lei က လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ Senior President မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ(ခ) Mr.Li BoBo က အသင်းအား မိတ်ဆက်ပေး၍ နေပြည်တော်ရှိ စာသင်ကျောင်း ငါးကျောင်းသို့ အားကစားပစ္စည်းများနှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းများကို လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာသင်ကျောင်း ငါးကျောင်း၏ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ရှိတို့၏ စက်နာရီ (ဘက်တီးရီးယားတွေရဲ့အစွမ်း၊ ကိုယ်တွေ့ဝိပဿနာနှင့် အခြားဆောင်းပါးများ) စာအုပ်ထွက်ရှိ




**နေပြည်တော် မေ ၁၀**

စာရေးသူ ဒေါက်တာအောင်မြင့်၏ သက်ရှိတို့၏စက်နာရီ (ဘက်တီးရီးယားတွေရဲ့အစွမ်း၊ ကိုယ်တွေ့ဝိပဿနာနှင့် အခြားဆောင်းပါးများ)စာအုပ်ကို ခင်စန်းမော်စာပေမှ ထုတ်ဝေလိုက်ပြီဖြစ်သည်။

အစိုးရဝန်ထမ်းအနှစ် ၃၀ နှင့် ကိုယ်ပိုင်ကာကွယ်ဆေး ထုတ်လုပ်ခဲ့ဖူးသည့် အတွေ့အကြုံများကို ပေါင်းစပ်ကာ ရေးသားပြုစု ထုတ်ဝေလိုက်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ရ စာရေးဆရာ ဒေါက်တာအောင်မြင့်၏ စာအုပ်တွင် ဘက်တီးရီးယားအကြောင်း အကောင်းအမြင်၊ လူသားတွေ ဘက်တီးရီးယားတွေရဲ့အစွမ်းကို အမြတ်ထုတ်အသုံးချတယ်၊ သစ်ပင်တွေရဲ့ငိုမြည်သံ၊ ဇရာနဲ့ အိုနာအတွေး၊ ထုံဆေးကကင်ဆာကုဆေးဖြစ်လာတော့မလား၊ ကြီးလားငယ်လား ဘက်တီးရီးယား၊ သွေးတိုးကိုစပ်စုမိခြင်း၊ ဝိပဿနာနှင့် မဂ်ဖိုလ် အတွေးအမြင်၊ နာကျင်မှုဝေဒနာကို ရှုကြည့်ခြင်း၊ အပင်တွေကိုယ်တိုင် မြေဩဇာထုတ်လာနိုင်တော့မှာလား၊ ပေါင်းပုပ်လက်ပုပ် မကူးစက်ရောဂါပဟေဠိ၊ တွေ့လာပြန်ပြီ သက်ရှိအမျိုးအစားသစ် အစရှိသည့် ဘက်တီးရီးယားများ အကြောင်း၊ အထွေထွေဗဟုသုတဖြစ်ဖွယ် လောကီအကြောင်းအရာများနှင့် လောကုတ္တရာအတွေးအမြင် ဆောင်းပါး ၄၅ ပုဒ်ကို တစ်စုတစ်စည်းတည်း ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။ "ဆရာ့စာတွေက ဘယ်လို စာဖတ်ပရိသတ်မျိုးကိုမဆို စိတ်အာဟာရပေးနိုင်လိမ့်မယ်လို့ယုံကြည်ပါတယ်"ဟု ယင်းစာအုပ်ကို ထုတ်ဝေသူက မှတ်ချက်ပြုထားသည်။

အဆိုပါစာအုပ်ကို ကိုလတ်စာပေ အမှတ်(၂၀၀) ၃၁ လမ်း(အပေါ်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း– ၀၉–၈၈၅၀၂၀၀၆၈၊ ၀၉–၂၆၅၀၂၀၀၆၈၊ ၀၉–၉၆၅၀၂၀၀၆၈ တို့သို့ ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၈၅၀၀ ဖြင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



**နေပြည်တော် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်ပေးခြင်းနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်ပန်းတောင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများသည် တပ်ဆင်ပေးအပ်သည့် လက်နက်များကို လိုက်လံကြည့်ရှုကြပြီး တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

✪ *ကျော့ဖုံးမှ*

ပရီမီယာလိဂ် ဦးဆောင်သူ အာဆင်နယ်နှင့် ဘွန်ဒက်စ်လီဂါ နာမည်ကြီး ဘိုင်ယန်မြူးနစ် အသင်းပွဲစဉ်ကို အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ် အသင်းဘက်သို့ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့သော်လည်း ဂနဘရီနှင့် ဟာရီကိန်းတို့၏ သွင်းဂိုးများကြောင့် ခက်ခက်ခဲခဲ ရှုံးနိမ့်ခဲ့ရသည်။ အာဆင်နယ်အသင်းအတွက် သရေကျစေမည့် ဒုတိယဂိုးကို လူစားဝင်ကစားသမား ထရိဆတ်က ပွဲချိန် ၇၆ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။

လာလီဂါနာမည်ကြီး ရီးရဲမက်ဒရစ်နှင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းပွဲစဉ်ကို ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ်၇၆၀၀၀ ကျော်လာရောက်ကြည့်ရှုခဲ့သည်။ တိုက်စစ်ထက်မြက်သည့်အသင်း အချင်းချင်းတွေ့ဆုံမှုဖြစ်သည့်အတွက် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး သုံးဂိုးစီ သရေဖြစ်ခဲ့သည်။ **အောင်ဇော်**

---

✳ *ကျော့ဖုံးမှ*

လိုက်ပါလာသော ခရီးသည် ၇၄၁ ဦးအား မော်တော်ယာဉ် ရှစ်စီးဖြင့် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်မှစတင်၍ သထုံဘူတာသို့ ပို့ဆောင်ပေးခဲ့သည်။ ထို့အပြင် မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ်(၈၂) အစုန်ရထားသည် ယနေ့ မွန်းတည့် ၁၂ နာရီ မိနစ် ၅၀ အချိန်တွင် သထုံဘူတာသို့ရောက်ရှိခဲ့ရာ ကျိုက်ထိုမှ မော်တော်ယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည်များကို တင်ဆောင်၍ မော်လမြိုင်ဘက်သို့ အမှတ်(၈၁) အဆန်ရထားအဖြစ် ပြန်လည်ထွက်ခွာ ပို့ဆောင်ပေးခဲ့သည်။ သထုံဘူတာတွင် ရောက်ရှိနေသည့်အမှတ်(၈၂)အစုန်ရထားဖြင့်လိုက်ပါလာသည့် ခရီးသည် ၂၉၈ ဦးအား ကျိုက်ထိုမှရောက်ရှိလာသည့် မော်တော်ယာဉ်များဖြင့် ကျိုက်ထိုဘူတာသို့ ပို့ဆောင်ပေးပြီး ရန်ကုန်သို့ အမှတ်(၈၂) အစုန်ရထားအဖြစ် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မတင်၍ လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ရထားလမ်းပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့ နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန် – မန္တလေးရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး တောင်ငူဘူတာနှင့် သောင်းတိုင်ကုန်းဘူတာအကြား စီမံကိန်းလုပ်ငန်းဆောင်ရွက်နေသော ရထားပြေးဆွဲမှုမရှိသည့် အစုန်လမ်းပေါ်၌ မိုင်းပေါက်ကွဲမှုတစ်ခု ဖြစ်ပွားသည်။ ဖြစ်ပွားရာနေရာသို့ နယ်မြေခံလုံခြုံရေးအဖွဲ့နှင့် တာဝန်ရှိသူများသွားရောက်ခဲ့ပြီး ရှင်းလင်းမှုဆောင်ရွက်ရာ နံနက် ၉ နာရီ မိနစ် ၃၀ တွင် ပြီးစီးခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက် တစ်ခုလုံးတွင် ရထားလမ်းနှင့်ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း အကြိမ်(၁၃၀)၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း (၅၃)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း (၁၂)ကြိမ်ကျူးလွန်ခဲ့ကြပြီး ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများအား ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်းများ၊ တွဲများ၊ ရထားလမ်းများ၊ တံတားများ၊ ကုန်စည်များနှင့် ခရီးသည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန် – မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## *နိုင်ငံတကာသတင်း*

# အစ္စရေးသို့ပို့ကုန်များ တူကီယဲ ကန့်သတ်မည်ဟုဆို



**အစ္စတန်ဘူလ် မေ ၁၀**

အပစ်အခတ်ရပ်စဲရေး အတွက် အပြည်ပြည်ဆိုင်ရာမှ တောင်းဆိုမှုများကို လျစ်လျူရှုကာ ထိုးစစ်ဆင်မှုများ ဆက်လက်ပြုလုပ်နေသည့်အတွက် အစ္စရေးသို့ တင်ပို့မည့် ပို့ကုန်များအပေါ် ကန့်သတ်မှုများ ပြုလုပ်မည်ဟု တူကီယဲအစိုးရက ကြေညာခဲ့သည်။ သံမဏိ၊ ဘိလပ်မြေနှင့် လေယာဉ်ဆီအပါအဝင် ကုန်ပစ္စည်း ၅၄ မျိုးအပေါ် ကန့်သတ်ချက်များ ချမှတ်သွားမည်ဟု တူကီယဲကုန်သွယ်ရေး ဝန်ကြီးဌာနက မေ ၉ ရက်တွင်ကြေညာခဲ့သည်။

အစ္စရေးဘက်မှ ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်မပေးမချင်းနှင့် အပစ်အခတ်ရပ်စဲရေးကို မကြေညာမချင်း အဆိုပါ ဆုံးဖြတ်ချက်အတိုင်း ထားရှိသွားမည်ဟု တူကီယဲ ကုန်သွယ်ရေး ဝန်ကြီးဌာနက ပြောသည်။ တူကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်က ဟားမားစ်တို့ကို ထောက်ပံ့ရန်အတွက် တူကီယဲပြည်သူများ၏ အကျိုးစီးပွားကို စွန့်လွှတ်ခြင်းဖြစ်သည်ဟု အစ္စရေးနိုင်ငံခြားရေး ဝန်ကြီး အစ္စရေးရယ်ခန်ဇ်က ၎င်း၏ ဆိုရှယ်မီဒီယာအကောင့်တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်း တူကီယဲနိုင်ငံမှ အစ္စရေးသို့ ပို့ကုန်ခန့်မှန်းခြေအားဖြင့် ၄ ဒသမ ၆ ဘီလီယံရှိသည်ဟု အစ္စရေး ဗဟိုစာရင်းအင်းဗျူရိုက ဖော်ပြထားသည်။ အဆိုပါပမာဏသည် တရုတ်နိုင်ငံ၊ အမေရိကန်နှင့်အခြားသော နိုင်ငံများပြီးလျှင် ပို့ကုန်ပမာဏငါးနိုင်ငံမြောက်အများဆုံးလည်း ဖြစ်သည်။ တူကီယဲသမ္မတ အာဒိုဂန်သည် အစ္စရေးကို အကြိမ်ကြိမ်ရှုတ်ချခဲ့သည်။ သို့သော်လည်း ၎င်းကို ဝေဖန်သူများက အာဒိုဂန်သည် အစ္စရေးနှင့် ကုန်သွယ်ရေးကို ဆက်လက်ထားရှိပြီး ပါလက်စတိုင်းပြည်သူများကို သစ္စာဖောက်သည်ဟု ဝေဖန်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# မက္ကဆီကိုသံရုံးကို အီကွေဒေါဝင်ရောက်စီးနင်းသည့်ဗီဒီယိုဖိုင် မက္ကဆီကိုထုတ်ပြန်

**မက္ကဆီကိုစီးတီး မေ ၁၀**

လွန်ခဲ့သည့် ရက်သတ္တပတ်က အီကွေဒေါနိုင်ငံ၏ မြို့တော် ကွီတိုရှိ မက္ကဆီကိုသံရုံးအတွင်းသို့ ရဲတပ်ဖွဲ့များ အတင်းအကျပ်ဝင်ရောက်လာသော ဗီဒီယိုကို မက္ကဆီကိုအစိုးရက ထုတ်ပြန်ခဲ့သည်။ အီကွေဒေါရဲတပ်ဖွဲ့သည် သောကြာနေ့က မက္ကဆီကိုသံရုံးကို ဝင်ရောက်စီးနင်းကာ အကျင့်ပျက်ခြစားမှုဖြင့် စီရင်ချက်ချမှတ်ခြင်းခံထားရသော အီကွေဒေါဒုတိယသမ္မတဟောင်း ဂျော့ဂလက်စ်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းသည် နိုင်ငံရေးခိုလှုံခွင့်တောင်းခံကာ မက္ကဆီကိုသံရုံးတွင် ခိုလှုံနေသူဖြစ်သည်။

မက္ကဆီကိုနိုင်ငံသည် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး အီကွေဒေါနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်လိုက်ပြီး ပြစ်တင်ရှုတ်ချမှုများလည်း အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ သံရုံးကျူးကျော်ဝင်ရောက်စီးနင်းမှုသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်မှုများကို ခံနေရကြောင်း သိရသည်။ နီကာရာဂွါနိုင်ငံက အီကွေဒေါနိုင်ငံနှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်မည်ဟု ထုတ်ပြန်ကြေညာထားသည်။ ထို့ပြင် ကုလသမဂ္ဂ၊ အမေရိကန်၊ ဗဟိုအမေရိကနှင့်တောင်အမေရိကရှိ နိုင်ငံများကလည်း အဆိုပါစီးနင်းမှုကို ရှုတ်ချထားသည်။ **အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ၌ လက်၊ ခြေနှင့် ပါးစပ်တို့၌ရောဂါဖြစ်ပွားမှုမြင့်တက်နေ

**ဟန္နိုင်း မေ ၁၀**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အစောပိုင်းမှစပြီး လက်၊ ခြေနှင့် ပါးစပ်ရောဂါဖြစ်ပွားမှုသည် ၁၀၁၉၆ ဦးအထိ ရှိလာကြောင်း၊ ၎င်းမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ဆ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေရောဂါ ကာကွယ်ဆေးဦးစီးဌာနက မေ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ရောဂါဖြစ်ပွားမှု အများစုမှာ တောင်ပိုင်းဒေသမှဖြစ်ပြီး ရောဂါဖြစ်ပွားသူပေါင်း ၇၅၀၀ ကျော်ရှိကြောင်း အဆိုပါဦးစီးဌာနက ပြောသည်။ များသောအားဖြင့် ရောဂါဖြစ်ပွားမှုမှာ သူငယ်တန်းကျောင်းများတွင်ဖြစ်ပြီး အသက်ငါးနှစ်အောက် ကလေးငယ် ၉၀ ရာခိုင်နှုန်း ကူးစက်ခံထားရကြောင်း၊ သို့သော်လည်း လက်ရှိအချိန်အထိ အဆိုပါရောဂါကြောင့် သေဆုံးသူမရှိသေးကြောင်း အထွေထွေရောဂါကာကွယ်ဆေးဦးစီးဌာနက ပြောသည်။

လက်တလောတွင် လက်၊ ခြေနှင့် ပါးစပ်ရောဂါကို ကာကွယ်ရန် ကာကွယ်ဆေး မရှိသေးကြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဟောင်မင်းဒုက ပြောသည်။

**ဆင်ဟွာ**

## မီချီဂန်ပြည်နယ်ရှိ ကျောင်းတွင် ပစ်ခတ်မှုကျူးလွန်ခဲ့သူ၏ မိဘများကို ထောင်ဒဏ် ၁၀နှစ်မှ ၁၅နှစ်အထိချမှတ်

**မီချီဂန် မေ ၁၀** – အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ်ရှိ စာသင်ကျောင်းတွင် ၂၀၂၁ ခုနှစ်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အဆိုပါပစ်ခတ်မှုကျူးလွန်သူ၏ မိဘများကို ထောင်ဒဏ် ၁၀ နှစ်မှ ၁၅ နှစ်အထိ ချမှတ်ခဲ့ကြောင်း သိရသည်။ ၎င်းတို့၏သားဖြစ်သူကို အဆိုပါတိုက်ခိုက်မှုကျူးလွန်ခြင်းမှ တားဆီးရန်ပျက်ကွက်ခဲ့သည့်အတွက် ယင်းသို့ချမှတ်ခြင်းဖြစ်သည်ဟု သိရသည်။ ၎င်းတို့၏ကလေး ကျူးလွန်သည့် ကျောင်းအတွင်းအစုလိုက်ပစ်ခတ်မှုအတွက် မိဘဖြစ်သူကို ပြစ်ဒဏ်ချမှတ်ခြင်းမှာ နိုင်ငံအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်ဟု အမေရိကန်မီဒီယာများက ပြောသည်။ ယင်းပစ်ခတ်မှုကိုတားဆီးရန် အခွင့်အရေးရသော်လည်း မိဘများသည် အဆိုပါအခွင့်အရေးကို လျစ်လျူရှုခဲ့သည်ဟု မီချီဂန်ရှိ တရားရုံးက ပြောကြားခဲ့သည်။ ၎င်းတို့၏သားဖြစ်သူကို ပြီးခဲ့သည့်နှစ်အတွင်းက အထက်တန်းကျောင်း၌ ကျောင်းသားလေးဦးကို အသေပစ်ခတ်မှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့သည်။ ၎င်း၏မိဘနှစ်ပါးမှာ ခရစ္စမတ်လက်ဆောင်အဖြစ် သေနတ်ဝယ်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းသေနတ်ကိုအသုံးပြုကာ ပစ်ခတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား အနုပညာရှင်များ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဧပြီ ၁၀**

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အခါသမယတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား K-pop အနုပညာရှင် ၂၄ ဦး ပါဝင်သည့် ပထမအဖွဲ့သည် ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ သီးသန့်မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ရွှေညောင်သည်ဟိုတယ်သို့ ရောက်ရှိကြသည်။



အဆိုပါ ကိုရီးယားအနုပညာရှင်များအဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သင်္ကြန်ယိမ်းအဖွဲ့များက အတာရေပက်ဖျန်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ယင်းအဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်၊ တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။ **(အပေါ်ပုံ)**




ထို့နောက် Conference Room တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများနှင့် ကိုရီးယား K-pop အနုပညာရှင်များသည် ၂၀၂၄ ခုနှစ် ဧပြီ ၁၂ ရက် ညပိုင်းတွင် MRTV HD Channel မှ ရိုက်ကူးထုတ်လွှင့်မည့် နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်ပွဲစဉ် (၃) တေးဂီတဖျော်ဖြေပွဲ Friday Night Live Show ၌ ပူးပေါင်းပါဝင်ဖျော်ဖြေနိုင်ရန်နှင့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ကိုရီးယား K-pop အဆို၊ အကများဖြင့် တင်ဆက်နိုင်ရန်တို့အတွက် အသေးစိတ်ဆွေးနွေးကြသည်။

အဆိုပါ ကိုရီးယား K-pop အနုပညာရှင် ၂၄ ဦးပါ ပထမအဖွဲ့တွင် ရုပ်ရှင်/ရုပ်သံ ဇာတ်လမ်းတွဲပေါင်းများစွာ ရိုက်ကူးထားသည့် သရုပ်ဆောင် ဘတ်အွန်းဟီး၊ K-pop အဆိုတော်များဖြစ်ကြသည့် Rejen ၊ Henny နှင့် 7 Kids Doll Group (ဝဲပုံ)၊ Astel Dance Group နှင့် DJ-Saemi တို့ ပါဝင်ကြပြီး ၎င်းတို့အဖွဲ့မှ ငါးဦးပါအဖွဲ့သည် ဧပြီ ၁၁ ရက်တွင်လည်းကောင်း၊ ၁၉ ဦးပါ ဒုတိယအဖွဲ့သည် ဧပြီ ၁၄ ရက်တွင်လည်းကောင်း အသီးသီး ထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပမှုများ MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်တင်ဆက်မည်

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၂၄ ခုနှစ် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးတင်ဆက်မည်ဖြစ်ရာ ထိုသို့တင်ဆက်မှုများအနက်မှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တို့တွင် ဖျော်ဖြေတင်ဆက်မှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

### ဖျော်ဖြေတင်ဆက်မှုများ

ထိုကဲ့သို့ ထုတ်လွှင့်ရာတွင် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV Parliament Channel မှ လည်းကောင်း၊ နေပြည်တော် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV NRC Channel မှ လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV Farmers' Channel မှလည်းကောင်း၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV Sports Channel မှလည်းကောင်း သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်၊ သင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက်၊ သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက်နှင့် သင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက် နေ့တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၃ နာရီမှ ည ၇ နာရီ အထိ စီစဉ်ထုတ်လွှင့်မည်ဖြစ်သည်။

### ထုတ်လွှင့်တင်ဆက်သွားမည်

အဆိုပါ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်များနှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန်တို့မှ ဖျော်ဖြေတင်ဆက်မှုများကို ထုတ်နုတ်စုစည်း၍ MRTV-HD Channel တွင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေ့စဉ် မွန်းလွဲ ၂ နာရီခန့်နှင့် ညစဉ် ည ၉ နာရီခွဲခန့်တို့တွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## ကျောက်ဆည်ခရိုင်၌ 6–Miniutes ငရုတ်မျိုးများ စတင်ထွက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကို



လည်း စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၂၅ သိန်းခန့်ကုန်ကျကြောင်း၊ အများဆုံးစိုက်ပျိုးသော ငရုတ်မျိုးများမှာ 692၊ တိုးတိုးအောင်နှင့် 6–Miniutes ငရုတ်မျိုးတို့ဖြစ်ကြောင်း၊ 6–Miniutes ငရုတ်မျိုးများမှာ စတင်ထွက်ရှိပြီး ခုနစ်ရက်တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ တစ်ဧက တစ်ကြိမ်ခူးဆွတ်လျှင် တင်း ၆၀ ခန့်၊ ပိဿာအနေဖြင့် ပိဿာ ၃၆၀ ခန့် ထွက်ရှိကြောင်း၊ ငရုတ်သီးများ ဖြိုင်ဖြိုင်ထွက်ပေါ်ချိန်တွင် အထွက်နှုန်းပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ ငရုတ်သီးနှံဈေးနှုန်းအနေဖြင့် ငရုတ်အစိုတစ်ပိဿာလျှင် ကျပ် ၁၈၀၀–၂၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချရကြောင်း၊ ငရုတ်အစိုများကို စိုက်ခင်းများအထိ လာရောက်ဝယ်ယူသူများရှိသကဲ့သို့ နီးစပ်ရာပွဲရုံများသို့လည်း ရောင်းချလျက်ရှိကြောင်း၊ ငရုတ်အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များလည်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**DOCA (မန္တလေး)**

## ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီမျိုးစေ့အနှံ့ယူ စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဆိပ်ဖြူမြို့ အလယ်ပိုင်း၊ အနောက်ပိုင်း၊ ရွာသစ်ရပ်ကွက်နှင့် ကိုးထောင့်၊ ချင်တောင်၊ အောက်ဆိပ်၊ မြင်ကဝ၊ ကူရှည်၊ ရွာမ၊ ရွာသာအေးကျေးရွာအုပ်စုများတွင် ကြက်သွန်နီသီးနှံကို ဥစိုက်၊ ပင်စိုက်အပြင် မျိုးစေ့အနှံ့ယူ စိုက်ခင်းများကိုလည်း နှစ်စဉ်တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာမှ အကျိုးအမြတ်ရရှိသောကြောင့် ယခုနှစ်တွင် ပိုမိုတိုးချဲ့၍ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

ကြက်သွန်နီမျိုးစေ့ အနှံ့ယူစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ကြက်သွန်နီမျိုး ဥအရွယ်အစားကိုလိုက်၍ ပိဿာချိန် ၃၅၀–၄၀၀ အထိ စိုက်ပျိုးရပြီး တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့်စုစုပေါင်း ကျပ်သိန်း ၃၀ ခန့် ကုန်ကျကြောင်း၊ တောင်သူတစ်ဦးချင်း၏ မြေသားကွာခြားမှု၊ စိုက်ပျိုးချိန်ရာသီမတူညီမှု၊ သွင်းအားစုသုံးစွဲပုံ မတူညီခြင်းတို့ကြောင့် ငါးတင်းမှ ခုနစ်တင်းအထိ ထွက်ရှိကြကြောင်း သိရသည်။

ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၂၀၀၀–၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ကြက်သွန်နီမျိုးစေ့ဈေးကွက်မှာလည်း မြင့်တက်လာခြင်းဖြစ်၍ မျိုးစေ့တစ်ပြည်လျှင် ကျပ် ၁၀၀၀၀၀–၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ကျပ် ၁၂၀၀၀၀ ဖြင့် ပျမ်းမျှရောင်းချပါက တစ်ဧက ဝင်ငွေကျပ် ၉၆၀၀၀၀၀ ခန့်ရရှိပြီး အကျိုးအမြတ်အနေဖြင့် ကျပ် ၆၆၀၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့၊ ပွင့်ဖြူမြို့၊ ချောက်မြို့နှင့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ဝယ်ယူကြကြောင်း၊ ယခုနှစ်တွင်လည်း ကြက်သွန်နီမျိုးစေ့များ ရောင်းချချိန်တွင် ကြက်သွန်နီဈေးကွက်ခိုင်မာမှုရှိပါက မျိုးစေ့ဈေးကွက်ကောင်းပြီး ယခင်နှစ်ကဲ့သို့ အကျိုးအမြတ်များစွာ ရရှိမည်ဟု ဒေသခံတောင်သူများ ပြောကြားချက်အရ သိရသည်။ **DOCA(မကွေး)**

## မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်မှ ၆ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းအနေဖြင့် ကြက်သွန်နီ ၂၉၄ ဒသမ ၇၀ တန်၊ ငရုတ်သီး ၁၃၀ ဒသမ ၈၁၅ တန်၊ ရေထွက်ကုန်ပစ္စည်းအနေဖြင့် ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ကင်းမွန်နှင့် အခြားရေထွက်ပစ္စည်းများ ၃၂၄ ဒသမ ၃၇ တန်၊ စက်မှုကုန်ချောပစ္စည်းအနေဖြင့် တံမြက်စည်းချောင်း ၁၅၀၀၀၊ အခြားပစ္စည်းအနေဖြင့် ဆီအုန်းကြိတ်ဖတ် ၁၁၀ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်တင်သွင်းမှုအနေဖြင့် သစ်သီးမျိုးစုံ၊ ကြွေပြား၊ ကျောက်ပြား၊ ဖိနပ်၊ A4 စက္ကူနှင့် ဘီစကွတ်မုန့်တို့ တင်သွင်းခဲ့သည်။

**DOT (မောတောင်)**

## ထောပတ်ပဲများ ရိတ်သိမ်းပြီးစီး၍ တောင်သူများ အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရာသီအလိုက် စိုက်ပျိုးသော သီးနှံများအနက် ပဲသီးနှံတစ်မျိုးဖြစ်သည့် ထောပတ်ပဲကိုလည်း စိုက်ပျိုးကြောင်း၊ ထောပတ်ပဲများကို ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်မြို့နယ်၌ ဧက ၉၈၀၊ မြစ်သားမြို့နယ်၌ ဧက ၁၆၀ စုစုပေါင်း ဧက ၁၁၄၀ စိုက်ပျိုးထားရှိပြီး စိုက်ဧကအားလုံးကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထောပတ်ပဲစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၁၃၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်း အနေဖြင့် ရှစ်တင်းခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်က တစ်တင်းလျှင် ကျပ် ၇၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်တွင် တစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၅၅၀၀၀၀ ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ထောပတ်ပဲကို မြို့ပေါ်ရှိပွဲရုံများသို့ သွားရောက်ရောင်းချကြောင်းနှင့် စိုက်ပျိုးစရိတ်သက်သာပြီး အကျိုးအမြတ်ဖြစ်ထွန်းသော ထောပတ်ပဲသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **DOCA (မန္တလေး)**

## ရွှေဘိုဈေးကွက်သို့ ကုလားပဲ (V2) များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ ကုလားပဲ (V2) သီးနှံများ မတ်လ ဒုတိယပတ်မှစတင်၍ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ကုလားပဲ (V2) တစ်တင်းလျှင် ကျပ် ၇၈၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၉၀၀၊ တန်အားဖြင့် ၂၅ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခင်နှစ်က ကုလားပဲ (V2) တစ်တင်းလျှင် ကျပ် ၆၇၃၀၀ သာ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကထက် တစ်တင်းလျှင် ကျပ် ၁၀၇၀၀ ဈေးနှုန်းပိုမိုရရှိခဲ့ပြီး ဝင်ရောက်သည့် ကုလားပဲ (V2) များ အားလုံး ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **DOCA (စစ်ကိုင်း)**

### ၁၀.၄.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ | ၄၃၂၀၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ | ၄၅၉၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ | ၄၄၂၀၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၃၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ | ၄၅၆၀၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၄၃၈၀၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၄၄၈၀၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၂၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | | ၄၅၉၀၀၀၀ |
| ၉ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၅၄၀၀ | ၁၁၈၀၀ | ၈၈၀၀ | ၇၅၀၀ | ၁၀၀၀ | ၉၂၀၀ | ၆၇၀၀ | ၄၃၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | | ၄၅၆၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၃၉၉၇၉၀၀ |
| ၁၁ | ပုသိမ် | ၃၅၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၆၈၀ | ၅၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၄၅၅၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ | ၄၅၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၆၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၄၀၂၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၉၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၃၀၀ | ၆၄၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ | |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၅၉၅၀ | ၁၄၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ | ၄၆၀၀၀၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၄၂၈၅၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၁၃၅၀၀ | | ၈၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ | ၄၄၀၀၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၈၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ | ၄၅၀၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၃၈၀၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ | ၃၈၀၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ | ၄၅၀၀၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ပြဿနာဖြေရှင်းတတ်မှု အနုပညာ

**မောင်မောင်လင်း**

လူမှာ စိတ်ဟာ လွန်စွာအရေးပါပြီး မိမိရဲ့ ပြောဆိုပြုမူ၊ နေထိုင်လုပ်ဆောင်မှု အားလုံးအပေါ် စိတ်က ဦးဆောင်လုပ်ဆောင်နေခြင်း ဖြစ်တာကြောင့် အတွေးမှန်၊ အသိမှန်မှသာ မှန်ကန်စွာ ပြောဆိုပြုမူ လုပ်ဆောင်နိုင်မှာဖြစ်တယ်လို့ ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ တရားတော်တစ်ပုဒ်မှာ နာယူခဲ့ရပါတယ်။

တုံ့ပြန်မှုနဲ့ သက်ဆိုင်တဲ့ စကားလုံးတွေ

စကားလုံးလေးတွေကနေ သူ့ရဲ့အတွေးပုံရိပ်ကို ပုံဖော်နိုင်တာနဲ့ ပတ်သက်ပြီး The Feedback Analysis Model နဲ့ ရှင်းပြလိုပါတယ်။ Feedback ဆိုတာကတော့ တုံ့ပြန်မှုပါ။ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဖြစ်နိုင်ပါတယ်။ ဒီနေရာမှာတော့ ချီးမွမ်းမှု၊ ဝေဖန်မှု၊ ဝေဖန်တာတောင်မှ အပြုသဘောဆောင်တာလား စသည်ဖြင့် တစ်ဖက်သားဘက်က အမျိုးမျိုးတွေးတောနိုင်တာကြောင့် မိမိရဲ့စကားလုံးရွေးချယ်မှုက တစ်ဆင့် အကုသိုလ်မဖြစ်သွားစေဖို့ သတိပြုဆင်ခြင်နိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုပဲ ကိုယ့်ဘက်က ဒီလိုဖြစ်ရပ်မျိုး လက်ခံရရှိချိန်မှာလည်း အပြုသဘောဆောင်တဲ့ စိတ်ခံစားမှုမျိုးနဲ့ ချိန်ညှိပြီး တုံ့ပြန်ပြုမူတတ်ဖို့လည်း လိုအပ်ပါတယ်။

(က) **ချီးမွမ်းစကား(Compliments)။** ဒီလိုစကားမျိုးကြားရရင် လှိုက်လှိုက်လှဲလှဲ လက်ခံတုံ့ပြန်ရမှာ ဖြစ်ပါတယ်။ မိမိက တစ်ဖက်သားကိုပြောရမယ်ဆိုရင်လည်း ရိုးသားတဲ့ စိတ်အခံနဲ့ မှန်မှန်ကန်ကန်လေး ချီးမြှောက်မှုပြုဖို့ လိုအပ်ပါတယ်။

(ခ) **ဝေဖန်မှု(Criticism)။** နားထောင်ဖို့ခက်တဲ့ စကားမျိုးကြားရရင်တောင်မှ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာလို့ မရှုမြင်ဘဲ ဖွင့်လှစ်ထားတဲ့စိတ်အခံမျိုးနဲ့ နာယူလက်ခံပေးရပါမယ်။ ပိုမိုတိုးတက်မြင့်မားစေဖို့ ပေးလာတဲ့ အခွင့်အလမ်းလို့ မှတ်ယူရမှာဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ဝေဖန်မှုတွေအတွက်လည်း လမ်းဖွင့်ပေးထားရမှာဖြစ်သလို လေးလေးစားစားနဲ့ လက်ခံတုံ့ပြန်တတ်ဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။

(ဂ) **မိမိဘာသာ စိတ်ကူးဆင်ခြင်မှု (Self–Reflection)။** မိမိလက်ခံရရှိတဲ့ Feed back တွေထဲမှာ အကောင်းတွေလည်း ပါနိုင်သလို အဆိုးတွေလည်း ပါလာနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ အချိန်ယူပြီး ဒါတွေနဲ့ ပတ်သက်ပြီး ပြန်လည်ဆင်ခြင်သုံးသပ်ဖို့ လိုအပ်ပါတယ်။




**The Gift Model ဆိုရာဝယ်**

ဥပမာအားဖြင့် လက်ဆောင်ပေးဖို့ ပစ္စည်းရွေးချယ်တာမျိုးက တကယ့်ကို ပြဿနာဖြစ်နေတာမျိုးပါ။ ဈေးပေါတာ ဒါမှမဟုတ် ပုဂ္ဂိုလ်ရေးအလေးမထားတဲ့ ပစ္စည်းပေးမိရင် တစ်ဖက်သားကို တန်ဖိုးမထားသလိုဖြစ်သွားပြီး ပေးသူရော လက်ခံရရှိတဲ့လူပါ နှစ်ဦးနှစ်ဖက်လုံး ကသိကအောက်ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သိပ္ပံနည်းတော့မကျပေမယ့် အသုံးတည့်မယ့် The Gift Model လေးကို မျှဝေလိုပါတယ်။ အဲဒီမှာ ဝင်ရိုးနှစ်ခု ရှိပါတယ်။ တစ်ဖက်က ဘယ်လောက်ဈေးကြီးလဲ (Price)နဲ့ အခြားတစ်ဖက်က ဘယ်လောက်တန်ဖိုးထားမှု (Value) ရှိသလဲဖြစ်ပြီး ကိုယ်ပေးချင်တဲ့အရာကို အဲဒီ 2 x 2 Matrix မှာ နေရာချ ရွေးချယ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ Edwin Locke ရဲ့တန်ဖိုး (Value) သီအိုရီအရ လူတွေဟာ တစ်ခုခုရဖို့ လိုချင်နေတတ်ပြီး လိုနေတာရသွားရင် ပိုပြီးကျေနပ်သွားတတ်လို့ ရတာမလို၊ လိုတာမရဖြစ်ခဲ့ရင် ကျေနပ်မှုနည်းမယ်ဆိုတဲ့ လူ့သဘောသဘာဝကို နားလည်ဖို့လည်း လိုအပ်သလို "တန်ဖိုးကြီးတဲ့ ပစ္စည်းဆိုတာ ဈေးများဖို့မလို"ဆိုတဲ့ စကားလေးကိုလည်း သတိပြုဖို့လိုအပ်ပါတယ်။ လက်ဆောင်ပေးရာမှာ လိုက်နာရမယ့် စည်းမျဉ်းနှစ်ခုကတော့–

(က) **နံပါတ်တစ်။** ရက်ရောမှုက နှမြောတွန့်တိုတာထက် ပိုကောင်းပါတယ်။ (ဒီနေရာမှာ လက်ခံသူဘက်က မလိုအပ်ပါဘူးလို့ ပြောနေပေမယ့် ကိုယ့်ဘက်က ကိုယ်လုပ်ရမှာကိုသာ လုပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်)။ ဥပမာအားဖြင့် ပရဟိတများများ ဆောင်ရွက်ပေးတတ်တဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အပေါ် အများသူငှာအမြင်ပိုကောင်းမှာဖြစ်သလို စီးပွားရေးလောကမှာလည်း မိမိကုမ္ပဏီဝန်ထမ်းတွေ၊ လူမှုအသိုင်းအဝိုင်းနဲ့ သုတေသနတီထွင်ဖန်တီးမှုအပေါ် ရင်းနှီးမြှုပ်နှံမှုပြုတဲ့ အဖွဲ့အစည်းဟာ အမြတ်အစွန်းရရှိရေးကိုသာ ဦးတည်လုပ်ဆောင်တဲ့အဖွဲ့အစည်းထက် ရေရှည်မှာ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းမှာပဲ ဖြစ်ပါတယ်။

(ခ) **နံပါတ်နှစ်။** ခံစားမှု၊ အတွေ့အကြုံဟာ အရာဝတ္ထုပစ္စည်းတွေထက် သာလွန်ပါတယ်။ ဥပမာအားဖြင့် မီးဖိုချောင်သုံးပစ္စည်းတစ်ခု ဝယ်ပေးမယ့်အစား ချက်ပြုတ်ရေးသင်တန်းတစ်ခုကို သူနဲ့အတူတူတက်ဖို့ ဖန်တီးပေးတဲ့ အတွေ့အကြုံမျိုးက နှစ်ဦးအကြား ပိုပြီး အမှတ်တရဖြစ်စေတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ဖျော်ဖြေပွဲလက်မှတ်ဝယ်ယူပြီး အတူတူပွဲကြည့်တာမျိုး၊ ဒေသန္တရလေ့လာရေးတို့၊ ဘုရားဖူးခရီးစဉ်တို့ အတူတူသွားခွင့် ဖန်တီးပေးတာမျိုးက အရာဝတ္ထုပစ္စည်း ပေးတာမျိုးထက် အမှတ်တရ ပိုဖြစ်စေမယ့် လက်ဆောင်မျိုးတွေပဲ ဖြစ်ပါတယ်။

**The Buyer's Decision Model ဆိုရာဝယ်**

ဒီလို ကိစ္စမျိုးတွေမှာသာမဟုတ် ကျွန်တော်တို့တွေဟာ အရေးကြီးတဲ့ပစ္စည်းတစ်ခုခုဝယ်ရတော့မယ်ဆိုရင် ရွေးချယ်မှုအပေါ် ဆုံးဖြတ်ရတာမျိုးက တော်တော်လေးကို ခက်ခဲကြမှာပါ။ ဒါနဲ့ပတ်သက်လို့ The Decision Book: Fifty models for strategic thinking ဆိုတဲ့စာအုပ်ကို ရေးသားခဲ့တဲ့ Mikael Krogerus နဲ့ Roman Tschappeler ကတော့ The Buyer's Decision Model ဆိုပြီး မော်တော်ကားတစ်စီးဝယ်ဖို့ စဉ်းစားဆုံးဖြတ်ရတဲ့ နမူနာ ပုံစံဥပမာမှာ နည်းလမ်းလေးမျိုးနဲ့တစ်ဝက် ပြပေးထားပါတယ်–

(က) **သုတေသနမဟာဗျူဟာချမှတ်ခြင်း။** ဒါရဲ့ပြဿနာကတော့ ဘာမှသေချာမသိနေရာက ချက်ချင်းကို အများကြီး သိသွားနိုင်တာမျိုးပါ။ ဒီနေ့ခေတ် အင်တာနက်ရှာဖွေရေး အင်ဂျင်တွေက ပေးတဲ့ အချက်အလက်တွေဟာ သာမန်ကားအရောင်းသမားသိတဲ့ အသိထက် ပိုပြီးတောင် ပေးနိုင်တာမျိုး ဖြစ်နေလို့ပါ။ များများသိထားလေ ကိုယ့်အတွက် ပိုစိတ်ချရလေဆိုပေမယ့် သိပ်သိသွားပြန်တော့လည်း အရွေးရခက်သွားပြန်ရော။ ဒါကြောင့် သူတို့က ရှာဖွေရေးအင်ဂျင်ပေါ်က မော်တော်ကားစီးရီးတွေအတွက် သုံးနာရီပဲအချိန်ဖြုန်းမယ်။ မိတ်ဆွေသုံးယောက်နဲ့ တိုင်ပင်ကြည့်မယ်။ ကားအရောင်းပြခန်းနှစ်ခု သွားလေ့လာမယ် စသည်ဖြင့် ကိုယ့်ဘာသာကိုယ် ကန့်သတ်ချက် ချမှတ်ထားဖို့ လိုလိမ့်မယ်ဆိုတာမျိုး အကြံပြုထားပါတယ်။

(ခ) **ကိုယ့်ရဲ့ မျှော်မှန်းထားမှုကို အနည်းငယ်လျှော့ချခြင်း။** ပြီးပြည့်စုံလွန်းတဲ့ ကားမျိုးမရှာဘဲ ကိုယ့်အခြေခံလိုအပ်ချက်နဲ့ ကိုက်ညီမယ့် ကားမျိုးကိုသာ ရှာဖွေကြည့်တာမျိုး ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ စိတ်ပညာရှင် Barry Schwarz က "ဆုံးဖြတ်ဝယ်ယူနိုင်ခဲ့ခြင်းက အကောင်းဆုံးရွေးချယ်ခဲ့မှု မဖြစ်ခဲ့ရင်တောင်မှ ကားတစ်စီးမျှ မပိုင်တာမျိုး၊ ရှာလို့မဆုံး ဖြစ်နေတာမျိုးထက်တော့ ကျေနပ်ပျော်ရွှင်မှုရစေပါတယ်" လို့ ဆိုပါတယ်။ ဒါကြောင့် ကိုယ်လိုချင်တဲ့ကားအတွက် လိုချင်တဲ့ အချက်ငါးချက်လောက်ကို ဦးစားပေးအစီအစဉ်အတိုင်း ချရေးလိုက်ပြီးရင် *စာမျက်နှာ ၁၇ သို့*

**ဥပမာအားဖြင့် လက်ဆောင်ပေးဖို့ ပစ္စည်းရွေးချယ်တာမျိုးက တကယ့်ကို ပြဿနာဖြစ်နေတာမျိုးပါ။ ဈေးပေါတာ ဒါမှမဟုတ် ပုဂ္ဂိုလ်ရေးအလေးမထားတဲ့ ပစ္စည်းပေးမိရင် တစ်ဖက်သားကို တန်ဖိုးမထားသလိုဖြစ်သွားပြီး ပေးသူရော လက်ခံရရှိတဲ့လူပါ နှစ်ဦးနှစ်ဖက်လုံး ကသိကအောက်ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သိပ္ပံနည်းတော့မကျပေမယ့် အသုံးတည့်မယ့် The Gift Model လေးကို မျှဝေလိုပါတယ်။ အဲဒီမှာ ဝင်ရိုးနှစ်ခု ရှိပါတယ်။ တစ်ဖက်က ဘယ်လောက်ဈေးကြီးလဲ (Price နဲ့အခြားတစ်ဖက်က ဘယ်လောက်တန်ဖိုးထားမှု (Value) ရှိသလဲ ဖြစ်ပြီး ကိုယ်ပေးချင်တဲ့အရာကို အဲဒီ 2 x 2 Matrix မှာ နေရာချရွေးချယ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ Edwin Locke ရဲ့တန်ဖိုး (Value) သီအိုရီအရ လူတွေဟာ တစ်ခုခုရဖို့ လိုချင်နေတတ်ပြီး လိုနေတာရသွားရင် ပိုပြီး ကျေနပ်သွားတတ်လို့ ရတာမလို၊ လိုတာမရဖြစ်ခဲ့ရင် ကျေနပ်မှုနည်းမယ်ဆိုတဲ့ လူ့သဘောသဘာဝကို နားလည်ဖို့လည်း လိုအပ်သလို"တန်ဖိုးကြီးတဲ့ ပစ္စည်းဆိုတာ ဈေးများဖို့မလို"ဆိုတဲ့ စကားလေးကိုလည်း သတိပြုဖို့လိုအပ်ပါတယ်**

# ကျောက်ဆည်မြို့၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

**ကျောက်ဆည် ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းသား ကျောင်းသူ လူငယ်များ တွေးခေါ်မှုစွမ်းရည် မြင့်မားရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ နွေရာသီအားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဧပြီ ၉ ရက်က ပန်းချီပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်များသည် နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်ရာ အသိဉာဏ်ပညာ ဗဟုသုတ ကြွယ်ဝရန်လိုကြောင်း၊ အကြောင်းအကျိုး အကောင်းအဆိုး ခွဲခြားစွာ သိရှိနိုင်ဖို့ အသိပညာဉာဏ်ပညာရှိရန်လိုကြောင်း၊ အခြေခံပန်းချီပညာသည် ကျောင်းသင်ခန်းစာဘာသာရပ်များတွင် အထောက်အကူပြုကြောင်း၊ ပန်းချီရေးဆွဲနည်းများ ဆက်လက်လေ့လာပြီး ထူးချွန်သူများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပန်းချီပြိုင်ပွဲ ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



---

*စာမျက်နှာ ၁၆ မှ*

အောက်ဆုံးက နှစ်ချက်လောက်ကို ပယ်ဖျက်လိုက်ပါလို့ သူတို့က အကြံပြုထားပါတယ်။

(ဂ) **စိတ်မပူဖို့အကြံပြုခြင်း။** စိတ်ပညာရှင် Daniel Gilbert ကတော့ ဆုံးဖြတ်ခဲ့ရမှု အများစုအပေါ် ပေးဆပ်ခဲ့ရတာတွေက အနာဂတ်အတွက် ဘာတွေများ ထူးသွားလို့လဲဆိုပြီး မှတ်ချက်ပြုခဲ့ ပါတယ်။ ဒါကို Havard တက္ကသိုလ်ကနေ ထိပ်ဆုံးက ဆင်းလာတဲ့ Suzy Welch က ၁၀-၁၀-၁၀ နည်းနာကို တီထွင်ပေးခဲ့ပါတယ်။ သူက အဆုံးအဖြတ်တစ်ခု ပြုခဲ့ပြီးရင် အဲဒါကြောင့် နောက် ၁၀ မိနစ်အကြာမှာ ဘာဖြစ်သွားလဲ။ နောက် ၁၀ ရက်၊ နောက် ၁၀ လနေရင်ကော ဘာတွေများ အကျိုးရလဒ် ဖြစ်ခဲ့လဲဆိုတာကို ပြန်ဆန်းစစ် သုံးသပ်ကြည့်ခိုင်းတာမျိုးပါ။ ဥပမာအားဖြင့် ဘဝအတွက် အရေးကြီးတဲ့ အလုပ်အကိုင် ရွေးချယ်ခဲ့မှုလိုမျိုး ကာလရှည်ကိစ္စတွေဆိုရင်တော့ ရွေးချယ်မှုပြုပြီးနောက်ပိုင်း ၁၀ ရက်မှာ ဒီအတွက် ဘယ်လို ပြန်ခံစားနေရလဲ။ ၁၀ လ အကြာမှာရော။ နောက်ဆုံး ၁၀ နှစ်အကြာမှာ ဘယ်လိုမျိုးလဲဆိုတာမျိုး ဖြစ်ပါတယ်။

(ဃ) **ကိုယ်စားဆုံးဖြတ်မှုပြုစေခြင်း။** အများစုကတော့ ကိုယ့်အတွက်ကိုယ့်ဘာသာ ဆုံးဖြတ်တာက အကောင်းဆုံးလို့ ထင်ကြမှာပါ။ London Business School မှ Simona Botti သုတေသနတွေ့ရှိထားတာကတော့ ကိုယ့်ဘာသာ ဆုံးဖြတ်ရတော့မယ်ဆိုရင် လူတွေဟာ အကောင်းဆုံးကို ရွေးချယ်မိပါ့မလား ဆိုပြီး သံသယဝင်နေတတ်ပါတယ်။ ဒါကို ဖယ်ရှားနိုင်ဖို့ကတော့ အခြားတစ်ဦးဦးကို ကိုယ့်ကိုယ်စား ရွေးချယ်ဆုံးဖြတ်စေရမယ်လို့ ဆိုပါတယ်။ ဥပမာအားဖြင့် ကားနှစ်စီးလုံးကိုကြိုက်ပြီး ဝေခွဲရခက်နေရင် စားသောက်ဆိုင်မှာ စားပွဲထိုးကို Recommend လုပ်ခိုင်းတာမျိုးလိုပဲ ကားအရောင်းသမားကို ရွေးချယ်ခိုင်းလိုက်တာမျိုး ဖြစ်ပါတယ်။ နောက် နည်းလမ်းတစ်ဝက်ကတော့ တစ်စီးကို သုံးရက်စီလောက် စမ်းသုံးကြည့်ပြီးမှ ရွေးချယ်ဝယ်ယူတာမျိုး ဖြစ်ပါတယ်။

ဒီလိုမျိုးပဲ လူတွေဟာ ဖော်ပြပေးထားတဲ့ နည်းလမ်းတွေကို သိလို့ရော၊ မသိဘဲနဲ့ရော အသုံးပြုပြီး ဆုံးဖြတ်ချက်တွေ ချနေကြတာမျိုး ဖြစ်ပါတယ်။ နေ့စဉ်ဘဝဟာ ပိုမိုရှုပ်ထွေးဆန်းကြယ်တာနဲ့ အမျှ ပြဿနာအကြီးတွေနဲ့များ ကြုံတွေ့လာခဲ့ရရင်တော့ အခုလို ခပ်မြန်မြန် ဆုံးဖြတ်နိုင်တဲ့ 2 x 2 Matrix ရွေးချယ်မှုနည်းလမ်းမျိုးနဲ့တင် မလုံလောက်တာကြောင့် အခြားသော ခွဲခြားဆန်းစစ်မှုနည်းနာတွေနဲ့လည်း မိတ်ဆက်ပေးလိုက်ရပါတယ်။

**The Fishbone Diagram ဆိုရာဝယ်**

The Fishbone Diagram တစ်နည်းအားဖြင့် Ishikawa သို့မဟုတ် Cause-and-Effect Diagram ကတော့ ပြဿနာတစ်ခုရဲ့ ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းရင်းခံတွေအပေါ် သရုပ်ခွဲဆန်းစစ်ဖော်ထုတ်တဲ့ပြဿနာဖြေရှင်းမှုစနစ်ပုံစံမျိုး ဖြစ်ပါတယ်။ အဲဒီမှာအောက်ပါ ကဏ္ဍအစိတ်အပိုင်းတွေ ပါဝင်ပါတယ်-

(က) **Problem Statement (Head of the Fish)။** မိမိကြုံတွေ့ဖြေရှင်းရမယ့် ပြဿနာကို ချရေးမယ်။

(ခ) **Major Categories (Main Bones)။** ပြဿနာကို အဓိကအကျိုးပြုနေတဲ့ အရာတွေ (ဥပမာအားဖြင့် လူ၊ နည်းလမ်း၊ စက်ကိရိယာ၊ ပတ်ဝန်းကျင်စတဲ့ အကြောင်းရင်းခံတွေ)။

(ဂ) **Branches (Sub-causes)။** အဓိကအကြောင်းရင်းခံတစ်ခုချင်းကို ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းတရားတွေအတွက် ထပ်မံခွဲခြားစိတ်ပိုင်းလို့ရတဲ့ အရာတွေ။

(ဃ) **Spurs off Branches (Detailed Causes)။** အဲဒီလို ထပ်မံခွဲခြားစိတ်ပိုင်းထားတာတွေရဲ့ အသေးစိတ်တွေပဲ ဖြစ်ပါတယ်။

ဥပမာပြရရင် ကုန်ထုတ်စွမ်းအား လျော့နည်းကျဆင်းနေမှုဆိုတဲ့ ပြဿနာအတွက် Main Bones တွေက လူ(People)၊ နည်းလမ်း(Process)၊ စက်ပစ္စည်း(Equipment)နဲ့ လုပ်ငန်းခွင်ဝန်းကျင်(Environment)တွေပါ။ အဲဒီအထဲက နည်းလမ်းရဲ့ အောက်အဆင့် အကြောင်းတရားတွေက လုပ်အားမလုံလောက်မှု (Inefficient Workflows) နဲ့ လေ့ကျင့်ရေးအားနည်းမှု (Lack of Training) တစ်ခုခု ဖြစ်နိုင်တာမျိုးမှာ လုပ်အားမလုံလောက်မှု ဖြစ်နေတာကို စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ဒါကိုပဲ အသေးစိတ်အကြောင်းတရား ဖြစ်နေတာက ဆက်သွယ်ဆက်ဆံမှုညံ့နေတာမျိုးလား၊ လုပ်သားအင်အားလျော့ချဖို့ ခြေလှမ်းပြင်နေတာကြောင့်လား စသည်ဖြင့် အသေးစိတ်ဆန်းစစ်လိုက်တော့မှ Workflows မလုံလောက်မှု ဖြစ်နေတာဆိုတဲ့ အကြောင်းရင်းခံအစစ်အမှန်ကို ဖော်ထုတ်တွေ့ရှိသွားတာကြောင့် ထိရောက်မှုရှိစွာဖြင့် ပြဿနာဖြေရှင်းနိုင်ဖို့ ဆုံးဖြတ်ချက် ချမှတ်နိုင်တာမျိုးပါ။ ဒါဟာ အဖွဲ့စနစ်နဲ့ စနစ်တကျ ဆန်းစစ်အဖြေရှာတဲ့ နည်းနာမျိုးဖြစ်ပြီး ပြဿနာတစ်ခု ဘာကြောင့်ဖြစ်လာတာလဲဆိုတာကို Deep Learning Process မျိုးနဲ့ ရေးဆုံးရေဖျား အသေးစိတ် လေ့လာရှာဖွေဖော်ထုတ်တဲ့ Model ပုံစံမျိုးလည်း ဖြစ်ပါတယ်။

**Six Thinking Hats Model ဆိုရာဝယ်**

ဒါကတော့ ပြဿနာတစ်ခုခုနဲ့ ကြုံတွေ့ရချိန်မှာ ပိုပြီး ထိထိရောက်ရောက် ဖြေရှင်းနိုင်စေဖို့အတွက် ရှုထောင့်အမြင်အမျိုးမျိုးကနေ ချဉ်းကပ်တဲ့ နည်းနာတစ်ခု ဖြစ်ပါတယ်။ The Six Thinking Hats ပုံစံဟာ Edward de Bono ဖော်ထုတ်ခဲ့တဲ့ အဖွဲ့စနစ်နဲ့ ပြဿနာဖြေရှင်းရေးနည်းနာတစ်ခုလည်း ဖြစ်ပါတယ်။ ပြဿနာအဖြေရှာဖို့နဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်ဖို့အတွက် သက်ဆိုင်တဲ့လူတွေကို အဖွဲ့ခြောက်ဖွဲ့ ဖွဲ့စည်းပေးလိုက်ပြီး အဲဒီအဖွဲ့နဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းဆီကနေ ရှုထောင့်အမြင် အမျိုးမျိုးရယူကာ ပြဿနာကို ချဉ်းကပ်မှုပြုလုပ်တဲ့ ပုံစံဖြစ်ပါတယ်။ အဖွဲ့တစ်ဖွဲ့ချင်းစီအတွက် သတ်မှတ်ထားတဲ့ အရောင်ခြောက်မျိုး ရှိပါတယ်-

(က) White Hat ကတော့ ပြဿနာနဲ့ ဆုံးဖြတ်ချက်အတွက် သက်ဆိုင်ဆက်စပ်တဲ့ သတင်းအချက်အလက်တွေကို (Facts and Information) စုဆောင်းရယူရမယ်။ ပြီးရင် သရုပ်ခွဲဆန်းစစ်ပြီး လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကို တိတိကျကျ၊ သေသေချာချာ ဖော်ထုတ်ရမယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် ခန့်မှန်းယူဆချက်တွေကို အခြေမခံဘဲ တိကျမှန်ကန်တဲ့ သတင်းအချက်အလက် တွေအပေါ်မှာသာ အခြေခံပြီး ကျိုးကြောင်းဆီလျော်တဲ့ ဆန်းစစ်မှုတွေကို လုပ်ဆောင်ရပါမယ်။

(ခ) Red Hat ကတော့ စိတ်နဲ့ အာရုံခံစားမှု (Emotions and Intuition) ကို ကိုယ်စားပြုပါတယ်။ ဒီအဖွဲ့မှာပါဝင်သူတွေအနေနဲ့ အာရုံရတာမျိုး၊ ဖြတ်ခနဲ ပေါ်လာတဲ့ အတွေးမျိုး၊ အလိုအလျောက် သိမြင်ခံစားမှုမျိုးတွေကို အခြေခံပြီး ပြဿနာနဲ့ ဆုံးဖြတ်ချက်အတွက် ဖော်ထုတ်ပေးရမှာ ဖြစ်ပါတယ်။ သူတို့ ခံစားမိတဲ့ နှစ်သက်မှု၊ မနှစ်မြို့မှု၊ စိုးရွံ့မှု၊ မျှော်လင့်ထားမှုနဲ့ အာရုံသိမှုတွေကို မည်သည့်အကြောင်းပြချက်မှ ပေးစရာမလိုအပ်ဘဲ မျှဝေဖော်ထုတ်ပိုင်ခွင့် ရှိပါတယ်။

(ဂ) Black Hat ကတော့ နည်းစနစ်တကျ တွေးတောစဉ်းစားမှုနဲ့ သတိကြီးကြီးထားရှိစေမှု (Critical Thinking and Caution)အတွက် ဖြစ်ပါတယ်။ အဲဒီအပြင် သူတို့ဟာ အဆိုးဘက်အခြမ်းကိုလည်း ဖော်ထုတ်ပြောဆိုပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြဿနာဖြေရှင်းမှု နည်းလမ်းတွေနဲ့ ဆုံးဖြတ်ချက်တွေအပေါ် ကျရောက်လာနိုင်တဲ့ အန္တရာယ်တွေ၊ ကြုံတွေ့လာဖွယ်ရှိတဲ့ အဆိုးအပြစ်နဲ့ အားနည်းချက်အပါအဝင် စိန်ခေါ်မှုတွေကို ဖော်ထုတ်တင်ပြပေးဖို့ တာဝန်ယူရပါတယ်။

(ဃ) Yellow Hat ကတော့ အကောင်းမြင်မှုနဲ့ အပြုသဘောဆောင်မှု (Optimism and Positivity) အတွက် ဖြစ်ပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ Black Hat တွေနဲ့ ပြောင်းပြန်ဖြစ်ပါတယ်။ ပြဿနာဖြေရှင်းမှုနည်းလမ်းတွေနဲ့ ဆုံးဖြတ်ချက်တွေအပေါ်ကနေ ရရှိလာနိုင်တဲ့ အကျိုးအမြတ်၊ ကောင်းကျိုးပြုမှုနဲ့ အားသာချက်အပါအဝင် အခွင့်အလမ်းတွေကို ဖော်ထုတ်တင်ပြပေးဖို့ တာဝန်ယူရပါတယ်။ သူတို့ဟာ မိမိရဲ့ခွန်အား၊ အခွင့်အလမ်းနဲ့ ရွေးချယ်စရာအမျိုးမျိုးတွေကြောင့် အောင်မြင်မှုရလဒ်ကောင်း ထွက်လာမယ့်အပေါ် အပြုသဘောဆောင် ဖော်ထုတ်ပေးရပါတယ်။

(င) Green Hat ကတော့ ဆန်းသစ်တီထွင်ဖန်တီးမှု (Creativity and Innovation) အတွက် ဖြစ်ပါတယ်။ သူတို့ဟာ ပြဿနာဖြေရှင်းရာမှာ စိတ်ကူးအိုင်ဒီယာ အသစ်တွေ၊ နည်းလမ်းအသစ်တွေကို အသုံးပြုဖို့ တိုက်တွန်းအားပေးမှာ ဖြစ်ပါတယ်။ သမားရိုးကျမဟုတ်တဲ့ ချဉ်းကပ်မှုမျိုးတွေ Brainstorm ပြုလုပ်ပြီး Outside the Box လိုမျိုး အရင်က မစဉ်းစားခဲ့ဘူးတဲ့ ဆန်းသစ်တဲ့နည်းလမ်းတွေကို အသုံးပြုကာ အခက်အခဲအကျပ်အတည်းကနေ ဖောက်ထွက်တာမျိုးကို ကိုယ်စားပြုရပါတယ်။

(စ) Blue Hat ကတော့ ကျန်တဲ့အဖွဲ့ငါးဖွဲ့ စဉ်းစားတွေးတောဆင်ခြင်မှုတွေ မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ဖို့ ဖော်ဆောင်ပေးတာမျိုးနဲ့ ပေါင်းစည်းပေးတာမျိုး၊ ညှိနှိုင်းကြီးကြပ်ပေးရတာမျိုး ဖြစ်ပါတယ် (Meta-Thinking and Facilitation)။ သူတို့ဟာ ကျန်ရှိတဲ့အဖွဲ့တွေဆီကနေ ရလဒ်ကောင်းတွေ ထွက်လာစေဖို့ လမ်းညွှန်မှုပြုပေးရမှာ ဖြစ်သလို အာဂျင်ဒါချမှတ်တာ၊ မြေပြင်မှာ လက်တွေ့ အကောင်အထည်ဖော်ရေးအတွက် စည်းမျဉ်းစည်းကမ်းထုတ်ပြန်ပေးတာနဲ့ အဖွဲ့တွေကို ကွပ်ကဲပြီး Six Thinking Hats နည်းနာကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ဖို့ တာဝန်ယူရပါတယ်။ နောက်ဆုံးမှာတော့ အဖွဲ့ဝင်အားလုံးရဲ့ တူညီဆန္ဒမျိုးနဲ့ ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက်လည်း တာဝန်ယူရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်လမ်းလျှောက်သင်္ကြန် ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

